၁၉၆၁ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး(ပြင်ဆင်ချက်) အက်ဥပဒေ။*

(၁၉၆၁ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၁။)

(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၂ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၆၁ခုနှစ်၊ မြို့ပြဆိုင် ရာ ငှားရမ်းခကြီးကြပ်ရေး(ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(၄)တွင် "နိုင်ငံတော်သမ္မတက ထိုကိစ္စအလို့ငှာဖွဲ့စည်းသည့် အကြံပေးအဖွဲ့၏ အကြံဉာဏ်အတိုင်း ဆောင်ရွက်လျက်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(၂)ရှိ အပိုဒ်(ဆ)ကို ပယ်ဖျက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၃ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ရက်။

(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၂ရက်။)

အမိန့်အရ၊

သာထက်၊

နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ-၂၀၇၆။